ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
သတင်းထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ(၂၈)ရက်

၁။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ(၂၈)ရက်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စုပေါင်းခန်းမတွင် အဆင့်မြင့်ဌာနတွင်းစာရင်းစစ်လုပ်ငန်းခွင်ကျွမ်းကျင်မှု အမှတ်စဉ်(၁/၂၀၁၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့ပါသည်။

၂။ အဆိုပါအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြာရေးမှူးများ၊ ကထိကများ နှင့် သင်တန်းသူ / သား ( ၁၀၄)ဦး တက်ရောက်ကြပါသည်။

၃။ အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦး က အောက်ပါအချက်များ လမ်းညွှန်မှာကြားခဲ့ပါသည်-

- ဌာနတွင်းစာရင်းစစ်သည် စီမံအုပ်ချုပ်မှု၏ကိုယ်စား အဖွဲ့အစည်းအတွင်း လုပ်ဆောင်ချက်သည် လုပ်ငန်းအတွက် အကျိုးသက်ရောက်မှု ရှိ မရှိ ကို လွတ်လပ်စွာ စစ်ဆေးအကဲဖြတ်သုံးသပ်ခြင်းပင်ဖြစ်ကြောင်း၊ ယင်းသို့အကဲဖြတ်ရာတွင် စာရင်းများ၏ အခြေအနေ၊ ဘဏ္ဍာရေးအခြေအနေနှင့်အခြားလုပ်ငန်းဆောင်တာများကို စစ်ဆေးသုံးသပ်ခြင်းများပြုလုပ်ရကြောင်း၊ ဌာနတွင်းစာရင်းစစ်သည် စီမံအုပ်ချုပ်မှု၏ နားနှင့်မျက်စိပင်ဖြစ်ကြောင်း၊
- ဌာနတွင်းစာရင်းစစ်များသည်လည်း စာရင်းစစ်များပင်ဖြစ်သည့်အတွက် စာရင်းကိုင်ပညာရပ်အပြင် စာရင်းစစ်ပညာရပ်ပါ တတ်မြောက်ရန်လိုအပ်ကြောင်း၊
- စာရင်းစစ်တစ်ယောက်အနေဖြင့် ပေါင်းသင်းဆက်ဆံရေးပြေပြစ်ရန်နှင့် ကျိုးကြောင်းချင့်ချိန်ဝေဖန်နိုင်သော အသိဉာဏ်ရှိရန်လိုအပ်ကြောင်း၊
- ဌာနတွင်းစာရင်းစစ်များသည် ဝန်ကြီးဌာနများ၏ စီမံခန့်ခွဲမှုကို အထောက်အကူပြုသူများဖြစ်သည့်အတွက် ဝန်ကြီးဌာနများ၏ မူဝါဒလုပ်ပိုင်ခွင့်များကို သိရှိရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု ရှိ/မရှိ စစ်ဆေးပေးရန်လိုအပ်ကြောင်း၊
- စာရင်းစစ်များတွင် လိုက်နာရမည့် ကျင့်ဝတ်(၆)ချက်ရှိကြောင်းနှင့် ၎င်းကျင့်ဝတ်များကို လိုက်နာရန်လိုအပ်ကြောင်း၊
- ဌာနအားလုံး၏လုပ်ဆောင်ချက်များကို (၁၀၀)ရာခိုင်နှုန်း မစစ်ဆေးနိုင်သဖြင့် ရွေးချယ်စစ်ဆေးရမည်ဖြစ်ပြီး ဌာနတွင်းကြီးကြပ်မှု အားနည်းသည့်အပိုင်းကို အလေးထားစစ်ဆေးရန်လိုအပ်ကြောင်း၊

- ဌာနတွင်းစာရင်းစစ်များအနေဖြင့် အသိပညာကြွယ်ဝရန် ဌာန၏မူဝါဒ၊ ရည်မှန်းချက် လုပ်ဆောင်ပုံအဆင့်ဆင့်များကို အသေးစိတ်လေ့လာရန်လိုအပ်ကြောင်း၊
- ယခုသင်တန်းတွင် ကထိကနှင့် သင်တန်းသူ/သင်တန်းသားများ Two Ways ပုံစံဖြင့် မိမိနားမလည်သည့် ကိစ္စများကို ဆွေးနွေးရန်မှာကြားလိုကြောင်း၊
- ယခုတက်ရောက်ရသည့် သင်တန်းမှပို့ချချက်များကို စိတ်ပါဝင်စားစွာ လေ့လာဆည်းပူးပြီး အမှန်တကယ်ကျွမ်းကျင်သော ဌာနတွင်းစာရင်းစစ်များဖြစ်ရန်နှင့် ဌာနမှအားကိုးရသော ဌာနတွင်းစာရင်းစစ်များဖြစ်ရန် ကြိုးစားစေလိုကြောင်း၊

၄။ သင်တန်းဖွင့်ပွဲအခမ်းအနားကို နံနက်(၁၁း၀၀)နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။